# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 23, 2024 | Volume 81, Number 17


| ၂၃.၈.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၅.၆ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၈၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နေလှန်းဆား ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နေလှန်းဆားပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်မာမာရီကပြောသည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ဒေသထွက် နေလှန်းဆားပိဿာချိန် ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ နေလှန်းဆားပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဖျာပုံမြို့နယ်ဘက်မှထွက်သည့် နေလှန်းဆားများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချရသကဲ့သို့ အခြားတိုင်းဒေသကြီးနှင့် မြို့နယ်များကိုလည်း တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်းက ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်။ ဖျာပုံမြို့နယ်က ထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းပါတယ်"ဟု ဖျာပုံမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဒေါ်မာမာရီကပြောပြသည်။

ဖျာပုံမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၉,၀၀ ထိ ဈေးပေါက်နေကြောင်း၊ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကသုံးပြုကြကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

**Category: Local News**

**https://myantrade.gov.mm/article/naypyitaw_23082024_1137**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင်း ပန်းကဏန်းပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းကဏန်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိငွေက ပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပန်းကဏန်း ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm



ပန်းကဏန်းပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြား နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပန်းကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပန်းကဏန်းပိဿာချိန် ၇၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ ပါတယ်။ အခု ဩဂုတ်လထဲမှာလဲ လပွတ္တာမြို့နယ်ဘက်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးကပြောပြသည်။

လပွတ္တာမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများ အရောင်းအဝယ်သွက်လက်လာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလာကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

**Category: Local News**

**https://myantrade.gov.mm/article/naypyitaw_23082024_1104**

## ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၈၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစား ပြောင်း ၅၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၀၅ ဧကနှင့် ဖူးစားပြောင်း ၅၄၉၁ ဧက စုစုပေါင်း ၆၄၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၈၈ ဧကနှင့် ဖူးစားပြောင်း ၅၆၄၃ ဧက စုစုပေါင်း ၅၈၃၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေး တာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေး ဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း သီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅,၀၀၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှုများကို လျှော့ချခဲ့သည့် အမေရိကန်နိုင်ငံ၏ Ford Motor ကုမ္ပဏီ

အမေရိကန်မော်တော်ယာဉ်ကုမ္ပဏီဖြစ်သည့် Ford Motor သည် ၎င်း၏ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှုကို လျှော့ချခဲ့ကြောင်း The New York Times အွန်လိုင်းသတင်း၌ ၂၁-၈-၂၀၂၄ ရက်တွင် “Ford Pulls Back Its Electric Vehicle Push” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

Ford Motor ကုမ္ပဏီသည် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍ၌ ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်လာရန် မျှော်မှန်းခဲ့သော်လည်း ဘတ္တရီသုံးလျှပ်စစ်မော်တော်ယာဉ်အသစ်များတွင် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုသည် နှေးကွေးလာခဲ့ကြောင်း၊ ၂၁-၈-၂၀၂၄ ရက်ပါ ကုမ္ပဏီ၏ ထုတ်ပြန်ချက်၌ Pickup Truck နှင့် Three-row electric sport-utility vehicle အမျိုးအစား လျှပ်စစ်မော်တော်ယာဉ်များကို နောက် ၁၈ လအကြာ၊ ၂၀၂၇ ခုနှစ်တွင်သာ မိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကုမ္ပဏီအနေဖြင့် လျှပ်စစ်မော်တော်ယာဉ်ကဏ္ဍရှိ ၎င်း၏ရင်းနှီးမြှုပ်နှံမှုပမာဏကို လျှော့ချရန်စီစဉ်လျက်ရှိပြီး ၂၀၂၆ ခုနှစ်မှသာ Electric Delivery Van အမျိုးအစားသစ်ကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လျှပ်စစ်မော်တော်ယာဉ် ဈေးကွက်သည် ယှဉ်ပြိုင်မှုများပြီး မပြတ်ပြောင်းလဲနေကြောင်းနှင့် လျှပ်စစ်မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချမှုမှ အမြတ်အစွန်းရရှိမှသာ ဆက်လက် ထုတ်လုပ်နိုင်မည်ဟု ကုမ္ပဏီ၏ဘဏ္ဍာရေးအရာရှိချုပ် Mr. John Lawler က ဆိုကြောင်း၊ ထို့ကြောင့် ယခုအခါ လျှပ်စစ်မော်တော်ယာဉ်ကဏ္ဍရှိ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို ယခင် ၄၀ ရာခိုင်နှုန်းမှ ယခု ၃၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများရှိ Ford လျှပ်စစ်မော်တော်ယာဉ် ရောင်းအားသည် Tesla နှင့် အခြားသော လျှပ်စစ်မော်တော်ယာဉ်များနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပြီး ဇူလိုင်လတွင် ကုမ္ပဏီ၏ လျှပ်စစ်မော်တော်ယာဉ်ဌာနသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအရှုံးပေါ်ခဲ့ကြောင်း သိရသည်။

Ford Motor အနေဖြင့် ၂၀၂၆ ခုနှစ် လျှပ်စစ်မော်တော်ယာဉ်အစီးရေ ၂ သန်းခန့် ထုတ်လုပ်ရန် မျှော်မှန်းခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ယင်းရည်မှန်းချက်ကို စွန့်လွှတ်ခဲ့ရကြောင်း၊ ကုမ္ပဏီအနေဖြင့် အမေရိကန်နိုင်ငံ၌ F-150 Lightning Pickup၊ Mustang Mach-E S.U.V နှင့် Transit Van လျှပ်စစ်မော်တော်ယာဉ် Model ၃ မျိုးကို ထုတ်လုပ်ရောင်းချခဲ့ပြီး ကင်တက်ကီ၊ တင်နက်ဆီနှင့် မီချီဂန်ပြည်နယ် ၃ ခုတွင် ဆောက်လုပ်ဆဲဘတ္တရီစက်ရုံ ၃ ရုံရှိကြောင်း၊ စတုတ္ထမြောက်ဘတ္တရီ စက်ရုံ ဆောက်လုပ်မည့် အစီအစဉ်ကို ယခုအခါ ဆိုင်းငံ့ထားကြောင်း၊ ၂၀၂၆ ခုနှစ်မိတ်ဆက်မည့် Electric Delivery Van တပ်ဆင်ထုတ်လုပ်သည့်စက်ရုံကို တင်နင်ဆီပြည်နယ်ရှိ ဘတ္တရီစက်ရုံဝင်းတွင် တည်ဆောက်လျက် အနီးရှိဘတ္တရီစက်ရုံမှ ဘတ္တရီများဖြင့် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

**https://myantrade.gov.mm/**

## မကွေးမြို့တွင် နှမ်းထွက်ပေါ်ရာသီဖြစ်၍ မကွေးဈေးကွက်သို့ နှမ်းများနေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိ ဈေးကွက်သို့ ကျေးရွာများနှင့် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မြို့သစ်၊ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ မိုးနှမ်းများရိတ်သိမ်းပြီးဖြစ်၍ နေ့စဉ်ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတတိယပတ်အတွင်း နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ကျပ် ၁၅၀,၀၀၀၊ နှမ်းဖြူ(ခြုံ) တစ်တင်းလျှင် ကျပ် ၁၄၃,၀၀၀၊ နှမ်းနီတစ်တင်းလျှင် ကျပ် ၁၃၈,၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၁၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဩဂုတ်လတတိယပတ်အတွင်း တင်းပေါင်း ၂၈၃,၈၅၀ တင်း၊ ၄၈၀ တန် အရောင်းအဝယ်ဖြစ်ကြောင်း၊ ဆီကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များနှင့်နှမ်းလှော်ဖိုများက ဝယ်ယူမှုရှိကြောင်းနှင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများသို့

တင်ပို့ကြောင်း သိရသည်။

ဩဂုတ်လဒုတိယပတ်နှင့်တတိယပတ်အတွင်း ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခုတစ်ပတ်အတွင်း နှမ်းဖြူ (ဂျပန်) တစ်တင်းလျှင် ကျပ် ၇၀၀၀၊ နှမ်းဖြူ(ခြုံ) တစ်တင်းလျှင် ကျပ် ၅၀၀၀၊ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၁၅,၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ရာသီဥတုမမှန်မှုကြောင့် အထွက်နှုန်းလျော့နည်းခြင်းနှင့် ပြည်ပဝယ်လိုအားကောင်းခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း မကွေးဈေးကွက်မှ သိရသည်။

**Source: https://www.doca.gov.mm**

## ပေါ်ဆန်းမွှေးဆန်ဈေးကျ၍ ဆန်ကွဲ B(1,2) ဈေးမြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် စပါးစိုက်ပျိုးချိန်တွင် မိုးစပါးစိုက်ဧက ၂,၆၉၀,၈၅၈၊ နွေစပါးစိုက်ဧက ၃၃၆,၀၈၉ စုစုပေါင်းစိုက်ဧက ၃,၀၂၆,၉၄၇ စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက် (၈၈ ဒသမ ၃၅) တင်း ထွက်ရှိ သည်။ စပါးထွက်ရှိမှုအနေဖြင့် ၅,၅၈၁,၇၆၆ တန် ထွက်ရှိပြီး မျိုးအပါအဝင် စုစုပေါင်းသုံးစွဲမှု ၂,၁၀၂,၉၀၃ တန်ဖြစ်၍ ၃,၄၇၈,၈၆၃ တန် ပိုလျှံခဲ့သည်။ စပါးဈေးကောင်း၍ တောင်သူများ အကျိုးအမြတ်ရှိပြီး ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းတွင် ကုန်ကြမ်းအနည်းအများ၊ ဝယ်လိုအားအနည်းအများ အပေါ်တွင် ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၁၅.၈.၂၀၂၄ ရက်တွင် ဧည့်မထဆန် (မနောသုခ) (ဟောင်း) တစ်အိတ် ၉၀,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်) တစ်အိတ် ၇၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၅,၀၀၀ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၅၅,၀၀၀ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၅၂,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၈,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ၂၂.၈.၂၀၂၄ ရက်တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၉၀,၀၀၀ ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၃,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၅၈,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၅၂,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၈,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၂၀၀၀ ကျပ်ဈေးကျဆင်းခဲ့ပြီး ဆန်ကွဲ B(1,2) တစ်အိတ် ၃၀၀၀ ကျပ် မြင့်တက်ခဲ့သည်။ ပေါ်ဆန်းမွှေးဆန် ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိနေပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားပြီး ဆန်ကွဲB(1,2)ဈေး မြင့်တက်လာခြင်းမှာ အဝယ်လိုက်လာ၍ ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

**https://myantrade.gov.mm/**

## စက်သုံးဆီဈေးနှုန်းများ အနည်းငယ်စီပြန်ကျ

ပြီးခဲ့သည့်တစ်ပတ်တွင် မြင့်တက်ခဲ့သည့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ယခုတစ်ပတ်တွင် ဓာတ်ဆီတစ်လီတာ ၂၅ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၁၀ ကျပ်ကျဆင်းလာကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းများအရ သိရသည်။

ယခုတစ်ပတ် စက်သုံးဆီဈေးနှုန်းမှာ ၉၂ တစ်လီတာ ၂၉၇၅ ကျပ်၊ ၉၅ တစ်လီတာ ၃၁၁၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၆၁၀ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၃၂၀၀ ကျပ်ဖြစ်ပြီး ဖော်ပြပါဈေးနှုန်းများသည် ရန်ကုန်မြို့အတွင်းရောင်းချပေးသည့် ဈေးနှုန်းများဖြစ်ကာ နေရာဒေသအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

အဆိုပါ ဈေးနှုန်းများအရ ၉၂ တစ်လီတာ ၁၅ ကျပ်၊ ၉၅ တစ်လီတာ ၂၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၁၀ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၁၀ ကျပ် ကျဆင်းလာကြောင်းသိရသည်။

ယခင်တစ်ပတ် စက်သုံးဆီဈေးနှုန်းမှာ ၉၂ တစ်လီတာ ၂၉၉၀ ကျပ်၊ ၉၅ တစ်လီတာ ၃၁၄၀ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၆၂၀ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၃၂၁၀ ကျပ်ဖြစ်ကြောင်း သိရသည်။

သို့သော် စင်ကာပူနိုင်ငံ၏ MOPS ဈေးနှုန်းသည် အတက်အကျမရှိ ပုံမှန်အတိုင်းရှိနေပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ အတက်အကျ ပုံမှန်မရှိကြောင်း သိရသည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် အတက်အကျမမှန်သလို နယ်မြို့များရှိ စက်သုံးဆီဈေးနှုန်းသည် ရန်ကုန်ထက် ပိုများခြင်းကြောင့် သယ်ယူပို့ဆောင်စရိတ်၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များ ပိုကုန်ကျလာပြီး ကုန်ဈေးနှုန်းကြီးမြင့်နေခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိစက်သုံးဆီ အခြေအနေနှင့်ပတ်သက်၍ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီး ကြပ်ရေးကော်မတီ အနေဖြင့် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရန်နှင့် ပြတ်လပ်မှုမရှိစေရန်အတွက် ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိကြောင်း သိရသည်။

**https://www.popularmyanmar.com/**

## STOCK EXCHANGE (23.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,152 (Shares) | 21,992,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 622 | 5,546,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,450 | 3,500 | 3,450 | 718 | 2,493,350 | 38,929,150 | 136,252 |
| MCB | 00003 | 8,900 | +400 | +4.71% | 8,500 | 8,900 | 8,500 | 19 | 161,900 | 10,400,986 | 92,569 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 5,305 | 9,549,050 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 958 | 2,682,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 308 | 539,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 221 | 1,016,600 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 1 | 3,400 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 23rd Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.72 | +2.99 | +0.73% | 409.73 | 414.48 | 409.73 | 8,152 | 21,992,000 | 8 | 778,468 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Aug, 2024

| Trading Volume | Trading Value |
|---|---|
| 8,179 (Shares) | 22,962,000 (MMK) |

## Main Board

As of 1:00 pm, 23rd Aug, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,152 (Shares) | 21,992,000 (MMK) |

| MYANPIX | 412.72 ▲ 2.99 |
|---|---|
| Total Volume (shares) | 8,152 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 778,468 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 8,900 | ▲ 400 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |

TIR